ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

# ၂၀၂၂ခုနှစ်၊ (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဆိုင်ရာ သတင်းအချက်အလက်များ

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၂ ခုနှစ်၊ (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့မှ (၂၈)ရက်နေ့အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ပုလဲအတွဲများအတွက် အခြေခံဈေးနှုန်းကို နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်၍ တန်ဖိုးငွေပေးချေခြင်းကို နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာ (သို့မဟုတ်) ယွမ်ငွေဖြင့် ပေးချေရမည်ဖြစ်ပါသည်။

၃။ ကျောက်မျက်အတွဲများနှင့်ကျောက်စိမ်းအတွဲများအတွက် အခြေခံဈေးနှုန်းကို နိုင်ငံခြားသုံးငွေ ယူရို သတ်မှတ်၍ တန်ဖိုးငွေပေးချေခြင်းကို ယူရို(သို့မဟုတ်) အမေရိကန်ဒေါ်လာ (သို့မဟုတ်) ယွမ်ငွေဖြင့် ပေးချေရမည် ဖြစ်ပါသည်။

၄။ ပုလဲအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည် -

| **စဉ်** | **အမျိုးအစား** | **အခြေခံဈေး** |
|---|---|---|
| (က) | ပုလဲအတွဲများ | အမေရိကန်ဒေါ်လာ(၁၀၀၀)နှင့်အထက် |
| (ခ) | ကျောက်မျက်အတွဲများ | ယူရို(၅၀၀)နှင့်အထက် |
| (ဂ) | ကျောက်စိမ်းအတွဲများ | ယူရို(၅၀၀၀)နှင့်အထက် |
| (ဃ) | ကျောက်စိမ်းအချောထည် | ယူရို(၁၀၀၀)နှင့်အထက် |

၅။ ကျင်းပပြီးစီးခဲ့သော ရတနာပြပွဲများတွင် ငွေပေးချေရန် ပျက်ကွက်ခဲ့သည့် ပြည်ပရတနာကုန်သည်များမှအပ အောက်ဖော်ပြပါ ပြည်ပရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေကို ပေးသွင်း၍ ၂၀၂၂ခုနှစ်၊ (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ခွင့်ရှိပါသည် -

(က) ပြည်တွင်းအကျိုးဆောင်ကုမ္ပဏီများမှတစ်ဆင့် ဖိတ်စာတောင်းခံရရှိသူ၊

( ခ ) ပြည်ပကျောက်စိမ်းအသင်းအဖွဲ့များမှတစ်ဆင့် ဖိတ်စာတောင်းခံရရှိသူ၊

( ဂ ) သက်ဆိုင်ရာသံရုံးနှင့်ကောင်စစ်ဝန်ချုပ်ရုံးများမှ ဖိတ်စာရယူ၍ ပြပွဲတက်ရောက်မည့်သူ။

(ဃ) အဆိုပါ ပြည်ပရတနာကုန်သည်များသည် ကျောက်မျက်ရတနာအမျိုးအစားအလိုက် ပြပွဲဗဟိုကော်မတီက သတ်မှတ်ထားသည့် အောက်ဖော်ပြပါ အာမခံစပေါ်ငွေ နှုန်းထား အတိုင်း ပေးသွင်း၍ တန်ဖိုးသတ်မှတ်ချက်များအတိုင်း ဝယ်ယူနိုင်ပါသည် -

| စဉ် | ကျောက်တွဲ အမျိုးအစား | အနည်းဆုံးပေးသွင်းရမည့် အာမခံစပေါ်ငွေ | ဝယ်ယူခွင့်ပြုမည့် ကျောက်အတွဲတန်ဖိုး |
|---|---|---|---|
| (၁) | ပုလဲ | ၂,၀၀၀(US$) | - |
| (၂) | ကျောက်မျက် | ၂,၀၀၀(EURO) | ၂၀,၀၀၀(EURO) |
| (၃) | ကျောက်စိမ်း | ၂၀,၀၀၀(EURO) | ၂၀၀,၀၀၀(EURO) |

၆။ အနည်းဆုံးပေးသွင်းရန် သတ်မှတ်ထားသော အာမခံစပေါ်ငွေအပေါ် ဝယ်ယူခွင့်ပြုမည့် ကျောက်အတွဲတန်ဖိုးထက် ပိုမိုဝယ်ယူလိုပါက ပိုမိုဝယ်ယူလိုသောတန်ဖိုး၏ (၁၀) ရာခိုင်နှုန်းကို အာမခံစပေါ်ငွေ အဖြစ် သက်ဆိုင်ရာကျောက်တွဲအမျိုးအစားအလိုက် အောက်ပါနေ့ရက်များတွင် အပြီးပေးသွင်းရမည် -

| စဉ် | ကျောက်အတွဲ အမျိုးအစား | ရောင်းချမည့်စနစ် | အာမခံစပေါ်ငွေ အပြီး ပေးသွင်းရမည့်နေ့ရက် |
|---|---|---|---|
| (က) | ပုလဲ | အိတ်ဖွင့်တင်ဒါ | ၂၂.၄.၂၀၂၂ |
| (ခ) | ကျောက်မျက် | အိတ်ဖွင့်တင်ဒါ | ၂၄.၄.၂၀၂၂ |
| (ဂ) | ကျောက်စိမ်း | အိတ်ဖွင့်တင်ဒါ | ၂၅.၄.၂၀၂၂ |

၇။ ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁၈)ရက်နေ့မှစတင်၍ အာမခံစပေါ်ငွေပေးသွင်းပြီးသော ပြည်ပရတနာ ကုန်သည်များကို မဏိရတနာကျောက်စိမ်းခန်းမ၊ ရတနာကုန်သည်မှတ်ပုံတင်အဆောက်အအုံတွင် ရတနာကုန်သည်စိစစ်လက်ခံရေးအဖွဲ့က ပြပွဲဝင်ခွင့်ကတ်များ ကြိုတင်ပြုလုပ်နိုင်ရေး ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၈။ ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁၀)ရက်နေ့မှစတင်၍ ပြပွဲဝင်ခွင့်ပုံစံများကို **www. mge.gov.mm** တွင် Download ရယူ၍ ကြိုတင်ဖြည့်စွက်မှတ်ပုံတင်နိုင်ရန်နှင့် Online မှ တစ်ဆင့် လျှောက်ထားလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website **www.mge.gov.mm**, On-line Pre-Registration System တွင် ဝင်ရောက်လျှောက်ထားနိုင်ရန် မြန်မာ့ကွန်ပျူတာကုမ္ပဏီလီမိတက်နှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၉။ ရတနာပြပွဲဝင်ခွင့်ကတ်ပြုလုပ်ရာတွင်အောက်ပါအချက်အလက်များ လိုအပ်မည်ဖြစ်ပါသည် -

(က) အမည်နှင့်နိုင်ငံကူးလက်မှတ်အမှတ် (ပတ်စ်ပို့)၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် (ပတ်စ်ပို့ထုတ်ပေးသည့်နိုင်ငံ)၊

(ခ) ကြည်လင်ပြတ်သားသော ပတ်စ်ပို့မိတ္တူ၊

(ဂ) (၁)လအတွင်း ရိုက်ကူးထားသော ကြည်လင်ပြတ်သားသည့် ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံ၊

(ဃ) ဖုန်းနံပါတ်၊ ဖက်(စ်)နံပါတ်၊ E-mail ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန်၊

(င) ရတနာပြပွဲဝင်ကြေး အမေရိကန်ဒေါ်လာ(၁၀၀) ပေးသွင်းရမည်။

(စ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကာကွယ်ဆေး (Vaccine) (၂/၃) ကြိမ် ထိုးနှံပြီးစီးကြောင်း စာရွက်စာတမ်းအထောက်အထား ပူးတွဲတင်ပြရမည်။

(ဆ) ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ လမ်းညွှန်ချက်နှင့်အညီ ကိုဗစ် (PCR Test) စစ်ဆေးမှုများ ခံယူရမည်ဖြစ်ပြီး ကျန်းမာရေးစစ်ဆေးခြင်းအတွက် ကုန်ကျစရိတ်နှင့် ကျန်းမာရေးအာမခံထားရှိရမည့် ကုန်ကျစရိတ်များကို ရတနာကုန်သည် ကိုယ်တိုင် ကျခံရမည်။

၁၀။ ၂၀၂၂ ခုနှစ်၊ (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများ ဝယ်ယူသူရတနာကုန်သည်များအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ Website **emporium.mge.gov.mm**တွင် ကြည့်ရှုစစ်ဆေး၍ ဝယ်ယူနိုင်မည်ဖြစ်ပြီး ရတနာကုန်သည် ကိုယ်တိုင်တက်ရောက်နိုင်ခြင်းမရှိပါက သတ်မှတ်ချက်များနှင့်အညီ ကိုယ်စားလှယ်လွှဲအပ်၍ ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၁၁။ မြန်မာ့ကျောက်မျက်ရတနာပြပွဲတက်ရောက်ဝယ်ယူမည့် ရတနာကုန်သည်နှင့် ရတနာကုန်သည်က ကိုယ်စားလှယ်လွှဲအပ်ထားသူများသည် ဝယ်ယူခွင့်ရရှိသော ကျောက်အတွဲများအတွက် အရောင်းအဝယ်စာချုပ် (Sale Agreement)ပါ စည်းကမ်းသတ်မှတ်ချက်များအတိုင်း ကျောက်အတွဲတန်ဖိုးကို သတ်မှတ်ရက်အတွင်း ပေးချေရပါမည်။

၁၂။ ၂၀၂၂ခုနှစ်၊ (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ဝယ်ယူခွင့်ရရှိပြီး တန်ဖိုးငွေပေးချေပြီးသော ကျောက်အတွဲများကို EX Works စနစ်ဖြင့် ဝယ်ယူသူထံတင်ပို့ရန် ဆောင်ရွက်ပေးပါသည်။ ကျောက်အတွဲဝယ်ယူခွင့်ရရှိသော ရတနာကုန်သည်(သို့မဟုတ်) ရတနာကုန်သည်က ကိုယ်စားလှယ်လွှဲအပ်ထားသူမှ တန်ဖိုးငွေအပြည့်အဝပေးချေပြီးသည်နှင့် လျင်မြန်စွာ တင်ပို့နိုင်ရန် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိပါသည်။ EX Works စနစ်ဖြင့်ရောင်းချခြင်းဖြစ်၍ နေပြည်တော်၊ ပြပွဲခန်းမမှ မော်တော်ယာဉ်ပေါ်သို့ တင်ပို့ပေးခြင်းနှင့် ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရတနာပြပွဲဗဟိုကော်မတီက တာဝန်ယူဆောင်ရွက်ပေးပြီး ကျန်အပိုင်းများကို ဝယ်ယူသူ သို့မဟုတ် ဝယ်ယူသူ၏ ကိုယ်စားလှယ်ဖြစ်သည့် ပြည်တွင်းအကျိုးဆောင်ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်နိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ